## ၂၀၁၅ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် မိုဘိုင်းဖုန်းအသုံးပြု သတင်းထောက် ၂၅ ယောက်

ဦးချစ်နိုင်

"ဒီရွေးကောက်ပွဲဟာ မြန်မာနိုင်ငံကို Pluralism ဗဟုဝါဒဘက်ကိုပိုပြီး ရွေ့လျားသွားမည်လို့ထင်ပါတယ်။

(၁) ဒီရွေးကောက်ပွဲဟာ မြန်မာနိုင်ငံအနာဂတ်အတွက် လွတ်လပ်တဲ့ရွေးကောက်ပွဲ အစဦးအလာကို ချမှတ်ပေးတာဖြစ်ပါတယ်။

(၂) ဒီရွေးကောက်ပွဲဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အပေါ် အနောက်နိုင်ငံတွေအမြင်အတွက်တော့ သိပ်ပြီးတော့အရေးပါပါတယ်။ ဒါကြောင့် ဒီရွေးကောက်ပွဲဟာ ဘယ်ရှုထောင့်က ကြည့်ကြည့် အရေးပါလှပါတယ်။

Professor Dr. David Steinberg

ပါမောက္ခ ဒေါက်တာဒေးဗစ်စတိန်းဘတ် (V.O.A မြန်မာပိုင်းအင်တာဗျူးမှ)

### ၁။ နိဒါန်း INTRODUCTION

ဆရာတို့နှင့် တွေ့ဆုံခွင့်ရသဖြင့် ဝမ်းသာမိပါသည်။ "ဘီဘီစီမီဒီယာအက်ရှင်မှ မိုဘိုင်းဖုန်းအသုံးပြု၍ ရွေးကောက်ပွဲသတင်းရေးသားခြင်းသင်တန်း" တွင် တက်ရောက်နေကြသော သတင်းစာဆရာ၊ သတင်းထောက် ၂၅ ယောက်သည် ရွှင်လန်းချမ်းမြေ့ကြပါစေ။ မတွေ့ရမီကပင် ကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သပါသည်။ ဆွေးနွေးခွင့်ပေးသော သင်တန်းညှိနှိုင်းရေးမှူး ဦးထွန်းထွန်းလင်းနှင့် ဖိတ်ကြားသူ ဘီဘီစီမီဒီယာအက်ရှင်ကို ကျေးဇူးအထူးတင်ပါသည်။

ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေတို့ကို ဆရာတို့က ဖတ်ရှုနားလည်ထားပြီးသားဖြစ်မည်ဟု ယုံကြည်သဖြင့် မဖော်ပြတော့ပါ။ မသိသေးလျှင် မိမိဖာသာလေ့လာနိုင်ကြပါသည်။ ဥပဒေများ၊ နည်းဥပဒေများကို ပို့ချဟောပြောရန် အချိန်လုံလောက်မည်မဟုတ်ပါ။ ကျွန်တော်က ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက် (တနင်္ဂနွေနေ့) မှာ ကျင်းပမည့်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ (၁) အားသာချက် (၂) အားနည်းချက် (၃) အခွင့်အလမ်းနှင့် (၄) စိန်ခေါ်မှုများကို အနှစ်ချုပ်တင်ပြပါမည်။

### ၂။ ၂၀၁၅ ရွေးကောက်ပွဲ၏ ထူးခြားချက်များ STRENGTHS

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် တပ်မတော် (ကြည်း) အရာရှိဘဝ နှစ်ပေါင်း ၄၀ ကျော်ကြာမျှ တပ်ရင်းမှူး၊ ဗျူဟာမှူး၊ တပ်မမှူး၊ တိုင်းမှူးတာဝန်များကို ကောင်းမွန်စွာထမ်းဆောင်ခဲ့ဖူးပြီး ၂၀၁၂ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာတရားမျှတမှန်ကန်စွာ ဦးဆောင်ကျင်းပပေးနိုင်ခဲ့သူဖြစ်ခြင်း။ (NLD က နေရာအများစုအနိုင်ရကြောင်း ထုတ်ပြန်ကြေငြာပေးခဲ့သူ)

၂။ ပြည်တွင်းပြည်ပလေ့လာရေးအဖွဲ့နှင့်စောင့်ကြည့်အဖွဲ့များကို မြန်မာနိုင်ငံရွေးကောက်ပွဲသမိုင်းတွင် ပထမဦးဆုံးတရားဝင်ခွင့်ပြုသော ရွေးကောက်ပွဲ။

၃။ ယခင်ရွေးကောက်ပွဲများထက် (သန်းခေါင်စာရင်းကို ၂၀၁၄ ၌ ကောက်ယူထားရှိပြီးဖြစ်သဖြင့်) မဲဆန္ဒရှင်စာရင်းခိုင်မာတိကျမှုအရှိဆုံး၊ အရေအတွက်များဆုံး။)

(မဲဆန္ဒရှင်ဦးရေ ၃၂ သန်းကျော်ရှိနိုင်သည်။ မြန်မာ့သမိုင်းမှာ ဤမျှများပြားသော မဲဆန္ဒရှင်စာရင်း မရှိခဲ့ဖူးပါ။)

၄။ လက်ရေး၊ လက်နှိပ်စက်များဖြင့်သာ ရှေးယခင်က မဲဆန္ဒရှင်စာရင်း ထုတ်ပြန်ခဲ့ရာမှ ၂၀၁၅ ရွေးကောက်ပွဲတွင် အမည်စာရင်းကို ကွန်ပျူတာစာစီပြီး အက္ခရာစဉ်အလိုက် ထုတ်ပြန်ခြင်း။

၅။ မဲဆန္ဒရှင်အမည်စာရင်းများကို ရပ်ကွက်နှင့် ကျေးရွာရုံးများတွင် ဇွန်၊ ဇူလိုင်၊ ဩဂုတ်တွင် တစ်ကြိမ်၊ ယခု စက်တင်ဘာလတွင်တစ်ကြိမ်ကပ်ထားပေးပြီး ဖြည့်ခွင့်၊ ပြင်ခွင့်၊ နုတ်ပယ်ခွင့် ပြည်သူလူထု ကိုယ်တိုင်ပြုလုပ်နိုင်ခြင်း။ (တတ်နိုင်သမျှ အမှားကင်းစင်စေခဲ့ခြင်း)

(က) သေသူများပါခဲ့ခြင်းကို ဖယ်ထုတ်နိုင်ခဲ့၏။

(ခ) စာလုံးပေါင်းသတ်ပုံလွဲသူများပြင်နိုင်ခဲ့၏။

(ဂ) မွေးနေ့၊ မွေးရက်၊ မွေးလ မသိသူများအား

နိုင်ငံတကာလုပ်ထုံးအတိုင်း ဇွန် ၁၅ မွေးဟု (ပရိုဂရမ်မှာ ကွက်လပ်မကျန်စေရအောင်) ဖြည့်ပေးခဲ့၏ မည်သို့ပင်ဖြစ်စေ ၁၈ နှစ်ပြည့်ပြီးပါက မဲပေးခွင့်ရမည်ဖြစ်၍ ဘာမှုပြဿနာမရှိပါ။

(ဃ) လာကြည့်သူများက ၃၀ ရာနှုန်းမျှသာရှိပြီး မြို့နယ်တိုင်းလိုလိုပြင်ချက်တင်ပြလာသူမှာ ၅ ရာခိုင်နှုန်းမှ ၈ ရာနှုန်းအထိသာ အများအားဖြင့်ရှိကြပါသည်။ (ရှစ်ဆယ်ကိုးဆယ်ရာခိုင်နှုန်းအထိ ကျွမ်းထိုးမှောက်ခုံမှားနေပါသည်ဟု ပြောဆိုရေးသားခဲ့သူများသည် ဘယ်မြို့နယ်ကို ဆိုလိုသလဲမသိပါ။ လာကြည့်သူ ၈၀ % ဘယ်မြို့မှ မရှိခဲ့ပါ။) မဟုတ်မမှန်ပုတ်ခတ်သည်ကို အမှန်တရားဖြင့် သည်းခံဖြတ် သန်းသည်။

၆။ ယခင်ရွေးကောက်ပွဲများထက် ရဲအင်အားတိုးမြှင့်ဖွဲ့စည်းကာ လုံခြုံရေးကို အထူးဦးစားပေးကာ ကြိုတင်ပြင်ဆင်ခြင်း၊ လေ့ကျင့်ခြင်း၊ သင်တန်းများပေးထားခြင်း။

၇။ မဲဆန္ဒရှင်မကျန်အောင်၊ မထပ်အောင် ပိုမိုစေ့စပ်သေချာစွာ စီမံထားနိုင်ခြင်း။ အမည်စာရင်းကို ပြင်ဆင်နိုင်ရန် (၂) ကြိမ်ထုတ်ပြန်ခြင်း၊ မဲပေးပြီးသူ၏ လက်ချောင်းကို မင်းတို့ပေးခြင်း (ယခင်က ဤမျှမတိကျခဲ့ဖူးပါ။)

၈။ ကွန်ပျူတာမိန်းဆာဗာ၌ စာရင်းထည့်ပြီး ကြိုတင်စီမံဆောင်ရွက်ခဲ့သဖြင့် မုန်တိုင်းဒဏ်နှင့် ရေကြီးခြင်း၊ မြေပြိုခြင်းသဘာဝဘေးအန္တရာယ်များခံစားကြရသော်လည်း မဲဆန္ဒရှင်စာရင်းများ မပျက်စီးဘဲ အခက်အခဲ မရှိကျန်ရှိခြင်း၊ ကြိုကြိုတင်တင်စီမံခြင်း၏ အားသာချက်။

၉။ အမှန်ခြစ်လက်ရေးအစား တံဆိပ်တုံးထုစနစ်မဲပေးစေခြင်း (ဘယ်သူဘယ်ဝါက ဘယ်ပုဂ္ဂိုလ်ကို မဲပေးခဲ့သည်ဟု လုံးဝမပေါက်ကြားအောင် လုံခြုံမှုအားပိုမိုခိုင်မာစေသည်) ပြည်သူတစ်ဦးခြင်းကို အကာ အကွယ်ပေးခြင်း။

၁၀။ စေတနာ့ဝန်ထမ်းတာဝန်ယူဆောင်ရွက်ကြသော နိုင်ငံ့ဝန်ထမ်းမဲရုံမှူး၊ ဒုမဲရုံမှူးစသည်များကို ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုချက်ဖြင့် တစ်ရက် ၃၀၀၀ ကျပ်နှုန်းထောက်ပံ့ကျွေးမွေးခြင်း၊ (ယခင်က

ကိုယ့်ထမင်းချိုင့်နှင့်ကိုယ်လာပြီး လုပ်အားပေးရခြင်း)

၁၁။ တစ်သီးပုဂ္ဂလယှဉ်ပြိုင်သူ အမတ်လောင်းဦးရေအများဆုံးဖြစ်ခြင်း –

(က) ၁၉၉၀ အထွေထွေရွေးကောက်ပွဲ ၈၇ ဦး

(ခ) ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ၈၂ ဦး

(ဂ) ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ၃၂၃ ဦး

၁၂။ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးသွင်းသူဦးရေအများဆုံးရွေးကောက်ပွဲအဖြစ် စံချိန်တင်ခြင်း –

(က) ၁၉၉၀ အထွေထွေရွေးကောက်ပွဲ ၂၂၉၆ ဦး

(ခ) ၂၀၁၀ အထွေထွေရွေးကောက်ပွဲ ၃၀၆၉ ဦး

(ဂ) ၂၀၁၅ အထွေထွေရွေးကောက်ပွဲ ၆၁၈၉ ဦး

၁၃။ ပါတီပေါင်း (၉၃) ပါတီက ဝင်ရောက်ယှဉ်ပြိုင်ကြခြင်း။ ယခင်က ဤမျှများပြားသော အရေ အတွက်မရှိခဲ့ဖူးခြင်း။ ထို့ကြောင့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလယှဉ်ပြိုင်သူများက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အပေါ် အပြည့်အဝယုံကြည်အားကိုးမှု (ယခင်က ရွေးကောက်ပွဲများထက်) Reliability အမြင့်ဆုံးစံချိန်ရှိနေကြောင်းကို ထင်ရှားစွာတွေ့မြင်ရခြင်း။ (ယုံကြည်သူ ၃၆%သာရှိပြီး အာစီယံမှာ အနိမ့်ဆုံးဟုဖော်ပြသောအဖွဲ့က ယုံကြည်ရဖွယ် ရှိမရှိ မသိပါ)

၁၄။ မြို့နယ်၊ မြို့နယ်ခွဲ၊ မဲဆန္ဒနယ်မြေအလိုက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်၊ မဲပုံးတစ်ခုလျှင် ယှဉ်ပြိုင်သူ ၃–၄ ဦးမှ ၁၅ ဦးအထိ ယခင်က မကြုံစဖူးဦးရေများပြားသဖြင့် မဲဆန္ဒရှင်တို့အတွက် ရွေးချယ်ခွင့်ပိုမိုရရှိကြခြင်း။

၁၅။ ယှဉ်ပြိုင်လိုသူ နိုင်ငံရေးသမားဦးရေအများဆုံးသော ရွေးကောက်ပွဲဖြစ်သဖြင့် ရွေးချယ်ခွင့် ယခင်က ထက်ပိုမိုကျယ်ပြန့်ခြင်း။

| | | | | | |
|---|---|---|---|---|---|
| (က) | ပြည်သူ့လွှတ်တော် | ၃၃၀ | နေရာ | ပြိုင်သူ | ၁၇၇၂ ဦး |
| (ခ) | အမျိုးသား | ၁၆၈ | နေရာ | ပြိုင်သူ | ၉၁၃ ဦး |
| (ဂ) | တိုင်း/ပြည်နယ် | ၆၄၄ | နေရာ | ပြိုင်သူ | ၃၃၄၁ ဦး |
| (ဃ) | တိုင်းဒေသကြီး၊ ပြည်နယ်တွင် တိုင်းရင်းသား ကိုယ်စားလှယ် | ၂၉ | နေရာ | ပြိုင်သူ | ၁၆၃ ဦး |
| | စုစုပေါင်း | ၁၁၇၁ | နေရာအတွက် | | ၆၁၈၉ ဦး |

၁၆။ ၂၀၁၅ ရွေးကောက်ပွဲကို နိုင်ငံတကာမှ အကူအညီပေးကြခြင်း (ကွန်ပျူတာ၊ မင်၊ သင်တန်း)

၁၇။ ကုလသမဂ္ဂ၊ အင်အားကြီးနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ အာစီယံနိုင်ငံများစသည့် မိတ်ဆွေနိုင်ငံ များက တရားမျှတမည်ဟု ယုံကြည်မျှော်လင့်ကြခြင်း။

၁၈။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှအခွင့်အရေးရကြခြင်း၊ မှန်ကန်ခြင်း၊ လွတ်လပ်ခြင်း ရှိလိမ့်မည်ဟု ပြည်သူအများစုက ယုံကြည်ခြင်း။

၁၉။ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတကာက စောင့်ကြည့်နေကြမည့် ဤ ၂၀၁၅ ရွေးကောက်ပွဲကို အောင်မြင်ပါမှ တိုင်းပြည်အနာဂတ်လှပမည်ဖြစ်သဖြင့် အစွမ်းကုန် တရားမျှတအောင် စီမံဆောင်ရွက်ခြင်း။

၂၀။ ပြည်သူတို့၏ပူးပေါင်းဆောင်ရွက်မှုများနှင့် စိတ်ပါဝင်စားမှုများ ပိုမိုတိုးတက်လာခြင်း။

## ၃။ အားနည်းချက်များ WEAKNESSES

၁။ ရွေးကောက်ပွဲအတွေ့အကြုံနည်းသဖြင့် အစိုးရ၏ ဌာနဆိုင်ရာနှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့် စေတနာ့ဝန်ထမ်းတာဝန်ယူနေသူများ၏ စီမံဆောင်ရွက်မှု အားနည်းချက်ရှိနိုင်ခြင်း။

၂။ ပြည်သူလူထုပူးပေါင်းပါဝင်မှုမှာ အချို့အရပ်ဒေသ၌ အားနည်းခြင်း။ အထူးသဖြင့်ရေဘေးသင့်ဒေသများ။

၃။ လက်နက်ကိုင်သောင်းကျန်းမှုများရှိသောဒေသအချို့၌ လုံခြုံမှုအားနည်းခြင်း၊ မြို့နယ်အနည်းငယ်သာ။

၄။ လွတ်လပ်စွာရေးသားဖော်ပြခွင့်ရလာခြင်းသည်မှာ (၄) နှစ်မျှသာကြာသေးသဖြင့် မီဒီယာများ၏ အရည်အသွေးနှင့် စတုတ္ထမဏ္ဍိုင်ပီသအောင် (ဘက်မလိုက်ဘဲ) တရားမျှတစွာရပ်တည်နိုင်စွမ်းသည် အလွန်အားနည်းနေသေးခြင်း (ကြိုက်လျှင်ကြိုက်သလို ဖေးဖေးမမရေးပြီး သဘောမကျလျှင် မကျသလို နာနာဆော်ခြင်း၊ ကလော်ခြင်း)

၅။ မဲရုံမှူး၊ မဲရုံဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံ၊ လေ့ကျင့်မှုများသည် အားနည်းနိုင်ခြင်း။

၆။ ဘာသာစကားမပေါက်သော ဒေသမြို့ရွာအချို့ရှိခြင်း။

## ၄။ အခွင့်အလမ်းများ OPPORTUNITIES

၁။ ၂၀၁၅ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပပြီးစီးပါက ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဘက်ပေါင်းစုံမှ သိသာစွာတိုးမြှင့်လာမည့်အလားအလာရှိခြင်း။

၂။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးများနှင့် ငွေကြေးဆိုင်ရာများတွင် ပိုမိုတိုးတက်ကျယ်ပြန့်ရန်လမ်းပွင့်လာမည်ဖြစ်ခြင်း။ စတော့ရှယ်ယာဖွင့်တော့မည်။

၃။ နိုင်ငံတကာဆက်ဆံရေးတွင် ဂုဏ်သိက္ခာပိုမိုမြင့်မားလာမည်ဖြစ်ခြင်း။

၄။ အခြေခံအဆောက်အအုံများ (လျှပ်စစ်၊ လမ်းများ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး) လျင်မြန်စွာဖွံ့ဖြိုးလာနိုင်ခြင်း။

၅။ ပညာရေး၊ ကျန်းမာရေးနှင့် နည်းပညာများ ပိုမိုကျယ်ပြန့်စွာပြောင်းလဲတိုးတက်နိုင်ခြင်း။

၆။ ရွေးကောက်ပွဲအောင်မြင်စွာပြီးစီးပါက လက်နက်ကိုင်အဖွဲ့အစည်းပေါင်းစုံက ငြိမ်းချမ်းရေးသဘောတူညီချက်ရရန် အခြေအနေပိုမိုကောင်းမွန်ခြင်း။ အေးချမ်းမည့်အလားအလာ။

၇။ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့ကို ၂၀၁၆ အစိုးရသစ်အတွက် အခြေအနေကောင်းများလမ်းခင်းနိုင်မည်ဖြစ်ခြင်း။

၈။ ဒီမိုကရေစီအလေ့အကျင့်နှင့် ယဉ်ကျေးမှုတို့ ပိုမိုထွန်းကားလာမည်ဖြစ်ခြင်း။

**၅။ စိန်ခေါ်မှုများ THREATS**

၁။ ဘာသာရေး၊ လူမျိုးရေးအကြောင်းပြချက်ဖြင့် ရွေးကောက်ပွဲကာလအတွင်း ဆူပူမှု၊ မငြိမ်မသက်မှုများ ဖြစ်ပွားအောင် လုပ်ဆောင်နိုင်ခြင်း။

၂။ တောင်သူလယ်သမား၊ အလုပ်သမား၊ ကျောင်းသားစသည်တို့အား သွေးထိုးလှုံ့ဆော်အသုံးချကာ အဓိကရုဏ်းများပေါ်ပေါက်အောင် သွေးထိုးခြင်း။

၃။ မကျေနပ်မှုအမျိုးမျိုးမှတဆင့် ကူးစက်ပြန့်နှံ့စေကာ အထွေထွေသပိတ်ဖြစ်ပေါ်အောင် စီမံလှုပ်ရှားနိုင်ခြင်း။

၄။ ပြည်ပမှ အသွင်အမျိုးမျိုးဖြင့် နေရာအနှံ့ထိုးဖောက်ကာ ရွေးကောက်ပွဲကို ပျက်ပြားအောင်လှုံ့ဆော်ခြင်း။

၅။ ဆန္ဒပြပွဲ၊ မီးရှို့ခြင်း၊ အကြမ်းဖက်ခြင်းများဖြစ်ပေါ်အောင်လုပ်ဆောင်ခြင်း၊ လူထုကို မငြိမ်မသက်ဖြစ်အောင်၊ စိတ်ခြောက်ခြားအောင်၊ စိုးရိမ်အောင် ခြိမ်းခြောက်ခြင်း။

၆။ ရွေးကောက်ပွဲပျက်ပြားအောင် မီဒီယာအမျိုးမျိုးမှ လှည့်စားမှု၊ သွေးဆောင်မှု၊ ထိုးနှက်တိုက်ခိုက်မှု၊ အဖျက်အမှောက်များ။

**၆။ နိဂုံး CONCLUSION**

ဤတင်ပြချက်သည် ပြည့်စုံပြီဟု မဆိုလိုပါ။ ဆက်လက်သုံးသပ်ဖော်ထုတ်စေလိုပါသည်။ ၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲအကြောင်း ပြည်သူများ သိမြင်စဉ်းစားနိုင်ရန် အနှစ်ချုပ် တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

"ဒေါ်အောင်ဆန်းစုကြည်က ပါတီကိုကြည့်ပါ ပုဂ္ဂိုလ်တစ်ဦးချင်းကို မကြည့်ပါနှင့်ဟုဆိုပါသည်။ ဤစကားသည် သိပ်ပြီးအမြင်ကျယ်သည့် အယူအဆဟု ကျွန်တော်မထင်ပါ။ တည်ငြိမ်မှုအရှိဆုံးခေါင်းဆောင်၊ အမြင်ကျယ်သည့်ခေါင်းဆောင်၊ ပြဿနာများကို ကြိုတင်ရှုမြင်ရပ်တည်တတ်သောခေါင်းဆောင်မျိုးကို ပုဂ္ဂိုလိုက် ရွေးချယ်၍ ကျွန်တော်မဲပေးလေ့ရှိပါတယ်" ဟု အမေရိကန်ပါမောက္ခ ဒေးဗစ်စတိန်းဘတ် David Steinberg က ဗွီအိုအေ အစီအစဉ်မှ ပြောကြားခဲ့လေသည်။

မည်သူပြောဆိုသောစကားက ပိုမိုသဘာဝကျကြောင်း၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစေနိုင်ကြောင်း၊ ချင့်ချိန်သုံးသပ်ကြည့်လျှင် တွေ့မြင်နိုင်ကြပါသည်။ သတင်းစာဆရာဟူသည် မှန်ကန်သည့်ဘက်မှသာ ထာဝရ ရပ်တည်တတ်ကြပေသည်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

**ဦးချစ်နိုင်**

ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အဖွဲ့ဝင်

၇ ကဒ္ဒိ - ၈.၉.၂၀၁၅ ။